## ဗဟိုအစိုးရ - ဒေသန္တရအစိုးရများအကြား ဘဏ္ဍာငွေလွှဲပြောင်းထောက်ပံ့ခြင်း

## (Intergovernmental Fiscal Transfer)

ဗဟိုအစိုးရမှ ၎င်းအောက်အစိုးရအလွှာများသို့ ဘဏ္ဍာငွေလွှဲပြောင်းထောက်ပံ့ခြင်းဖြစ်ပြီး၊ ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းတွင် အသုံးစရိတ်တာဝန်များ ခွဲခြားခြင်း၊ ရငွေရှာဖွေနိုင်ခွင့်တို့ကို ခွဲခြားခြင်းတို့ပြီးလျှင် တတိယမြောက် ထောက်တိုင်ဖြစ်ပါသည်။ ဗဟိုအစိုးရမှ လွှဲပြောင်းထောက်ပံ့ငွေဟုခေါ်ဆိုရာတွင် block grants, specific grant, shared taxes, subsidies, subventions စသည့်အမျိုးအစားများ ပါဝင်ပါသည်။ ဗဟိုချုပ်ကိုင်မှုလျှော့ချထားသည့် အခြားနိုင်ငံများတွင်လည်းရှိသည့် ဘဏ္ဍာရေးဆိုင်ရာအစီအစဉ်တစ်ခုဖြစ်ပါသည်။ ကိန်းဂဏန်းအချက်အလက်များအရ ဒေသန္တရအစိုးရများ၏ ရငွေစုစုပေါင်းတွင် လွှဲပြောင်းထောက်ပံ့ငွေမှရငွေမှာ ပါကစ္စတန်နိုင်ငံတွင် ၈၆% ၊ နီပေါနိုင်ငံတွင် ၈၇%၊ အင်ဒိုနီးရှား ၇၅ % စသည်ဖြင့် အသီးသီးပါဝင်ပါသည်။[1]

ဘဏ္ဍာရေးဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း၏ ထောက်တိုင်များ




**ဘဏ္ဍာငွေလွှဲပြောင်းထောက်ပံ့ငွေအမျိုးအစားများ**

ဘဏ္ဍာငွေလွှဲပြောင်းထောက်ပံ့မှုအမျိုးအစားများကို အဓိကအားဖြင့် ၂ မျိုးခွဲခြားနိုင်ပါသည်။ ပထမအမျိုးအစားမှာ မည်သည့်အသုံးစရိတ်အမျိုးအစားများအတွက်သာ သုံးစွဲရမည်ဟု သတ်မှတ်မထားသော လွှဲပြောင်းထောက်ပံ့ငွေအမျိုးအစား Unconditiuonal Grant နှင့် ဒုတိယအမျိုးအစားမှာ သတ်မှတ်ပေးထားသော အသုံးစရိတ်များအတွက်သာ သုံးစွဲခွင့်ပြုသည့် Conditional Grant တို့ ဖြစ်ကြပါသည်။ မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသည့် လိုငွေဖြည့်လွှဲပြောင်းထောက်ပံ့ငွေ၊ အခွန်ဝေစုနှင့် လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေတို့မှာ unconditional grant transfer မျိုး ဖြစ်ပြီး၊ ယခင်ကရှိခဲ့သည့် စုပေါင်းရုံးဆောက်လုပ်ရန် ထောက်ပံ့ငွေ၊ နွမ်းပါးမှုလျှော့ချရေးရန်ပုံငွေတို့မှာ မည်သည့်အသုံးစရိတ်များအတွက်ဟု သတ်သတ်မှတ်မှတ်ပံ့ပိုးပေးသည့် conditional grant များ ဖြစ်ပါသည်။

အခြားလွှဲပြောင်းထောက်ပံ့မှုအမျိုးအစားအဖြစ် အခွန်ရငွေမှ ဝေစုပြန်ပေးခြင်း၊ ဘတ်ဂျက်လိုငွေအတွက် လွှဲပြောင်းထောက်ပံ့ငွေဖြင့် ဘဏ္ဍာငွေဖြည့်ဆည်းခြင်းတို့လည်း ရှိနိုင်ပါသည်။ အခွန်ရငွေမှ ဝေစုပြန်ပေးရာတွင် အခွန်ငွေရှာဖွေရရှိသောဒေသအလိုက် ရာခိုင်နှုန်းအချိုးအစားတစ်ရပ်ဖြင့်လည်းကောင်း၊ လိုအပ်ချက်အရ ဖော်မြူလာဖြင့် တွက်ချက်၍သော်လည်း ခွဲဝေပေးနိုင်ပြီး unconditional လည်းဖြစ်နိုင်သလို conditional လည်း ဖြစ်နိုင်ပါသည်။ ဘတ်ဂျက်လိုငွေဖြစ်ပေါ်မှုအတွက် နောက်မှလိုက်၍ လိုငွေဖြည့်ဆည်းပေးခြင်း (ex-post deficit covering) မှာ အန္တရာယ်များသည့် ဘဏ္ဍာငွေလွှဲပြောင်းထောက်ပံ့မှုနည်းလမ်းအဖြစ် ရှုမြင်ကြပါသည်။

**မည့်သည့်အတွက်ကြောင့် ဗဟိုအစိုးရက ဘဏ္ဍာငွေလွှဲပြောင်းထောက်ပံ့သနည်း?**

(က) **ဒေါင်လိုက်ဘဏ္ဍာငွေထောက်ပံ့ခြင်း (Vertical Gap)** - ဗဟိုအစိုးရနှင့် ဒေသန္တရအစိုးရအကြား အသုံးစရိတ်တာဝန်များ ခွဲခြားထားပြီးနောက်တွင် ဒေသန္တရအစိုးရများ၌ ကိုယ်တိုင်ရှာဖွေရငွေများဖြင့် အသုံးစရိတ်လိုအပ်ချက်များကို ပြည့်မီအောင် မဖြည့်ဆည်းနိုင်သည့်အတွက် ဗဟိုအစိုးရက လွှဲပြောင်းထောက်ပံ့ခြင်းမျိုးဖြစ်ပါသည်။ ဗဟိုနှင့် ဒေသန္တရအစိုးရများအကြား ထက်-အောက် ဘဏ္ဍာရေးအစီအစဉ်ဖြစ်သည့်အတွက် ဒေါင်လိုက်ဘဏ္ဍာရေးလိုအပ်ချက်ကို ဖြည့်ဆည်းခြင်း (Vertical Gap) ဟု ရည်ညွှန်းပါသည်။

(ခ) **အလျားလိုက် ဘဏ္ဍာငွေထောက်ပံ့ခြင်း (Horizontal Gap)** - ဒေသတစ်ခုနှင့် တစ်ခုအကြား ဖွံ့ဖြိုးတိုးတက်မှု၊ ဘဏ္ဍာငွေလိုအပ်ချက်ရှိမှုနှင့် သာတူညီမျှဖြစ်မှုတို့ကို တိုးတက်လာစေရန်ဟူသော ရှုထောင့်မှကြည့်၍ ဘဏ္ဍာငွေထောက်ပံ့ခြင်းဖြစ်ပါသည်။ ဖွံ့ဖြိုးပြီးဒေသများနှင့် ဖွံ့ဖြိုးဆဲဒေသများအကြား ကွာဟမှုမညီမျှ၍ အခွန်ပေးဆောင်နိုင်စွမ်းလည်း

[1] World Bank (2000), United Cities and Local Governments (2003)

ကွာဟပြီး အခွန်စီမံခန့်ခွဲနိုင်စွမ်းလည်း အားနည်းသည့်အတွက် သာတူညီမျှရှိရေး (equalization) မှာ ဘဏ္ဍာငွေလွှဲပြောင်းထောက်ပံ့ရာတွင် ထည့်သွင်းစဉ်းစားသည့်အချက်တစ်ခုဖြစ်ပါသည်။

(ဂ) **ဗဟိုအစိုးရ၏ ဦးစားပေးများအတိုင်း အသုံးစရိတ်သုံးစွဲစေခြင်း** - ဗဟိုအစိုးရကသတ်မှတ်ပေးထားသည့် အသုံးစရိတ်အမျိုးအစားများအတွက်သာသုံးစွဲရန် ဘဏ္ဍာငွေထောက်ပံ့ပေးခြင်း (Conditional Grant) ဖြင့် ဗဟိုအစိုးရက ဆောင်ရွက်စေလိုသည့် ဦးစားပေးအစီအစဉ်များအတိုင်း ဒေသဆိုင်ရာအစိုးရများက ဘဏ္ဍာငွေသုံးစွဲကြရန်ရည်ရွယ်၍ ထောက်ပံ့ခြင်းဖြစ်ပါသည်။

(ဃ) **ဒေသန္တရအစိုးရများ၏စွမ်းဆောင်ရည်ကို အားပေးနိုင်ရန် ထောက်ပံ့ခြင်း** - သတ်မှတ်ချက်များပြည့်စုံမှ ထောက်ပံ့ ခြင်း၊ ရလဒ်ညွှန်းကိန်းများအပေါ် ၊ ပြည်သူ့ဝန်ဆောင်မှုများလွှမ်းခြုံနိုင်မှုတို့အပေါ်တွင် မူတည်၍ ဘဏ္ဍာငွေထောက်ပံ့ခြင်းဖြစ်ပါသည်။ ဒေသန္တရအစိုးရများ၏ ပြည်သူ့ရေးရာဝန်ဆောင်မှုများ လွှမ်းခြုံပံ့ပိုးပေးနိုင်မှုနှင့် ဝန်ဆောင်မှုများ၏ထိရောက်ကောင်းမွန်မှုတို့ တိုးတက်ကောက်မွန်လာရေးကို ရည်ရွယ်ပါသည်။

<u>**ဘဏ္ဍာငွေလွှဲပြောင်းထောက်ပံ့မှုနည်းလမ်းများ၏ ကောင်းမွန်သည့် ဝိသေသလက္ခဏာများ**</u>

ကောင်းမွန်သည့် ဘဏ္ဍာငွေလွှဲပြောင်းထောက်ပံ့မှုနည်းလမ်းကို ပံ့ပိုးပေးသည်များအနက် အောက်ဖော်ပြပါအချက်များမှာ အဓိကကျသည့်အချက်များအဖြစ် ပညာရှင်များက ရည်ညွှန်းလေ့ရှိပါသည် -

- <u>ပထမဆုံးအချက်</u>အနေဖြင့် ဘဏ္ဍာငွေလွှဲပြောင်းထောက်ပံ့ရခြင်းအတွက် **ရှင်းလင်းသည့်ရည်ရွယ်ချက်** (clear objecttive) ရှိရန် လိုအပ်မည်ဖြစ်ပြီး၊ သို့မှသာ ရည်ရွယ်ချက်နှင့်ကိုက်ညီမည့် ဘဏ္ဍာငွေလွှဲပြောင်းထောက်ပံ့မှုကို ဒီဇိုင်းရေးဆွဲနိုင်မည်ဖြစ်ပါသည်။
- <u>ဒုတိယအချက်</u>အနေဖြင့် လွှဲပြောင်းထောက်ပံ့သည့်နည်းလမ်းနှင့် ၎င်းအလုပ်လုပ်သည့်ပုံစံတို့အပေါ် **ပွင့်လင်းမြင်သာ**စေရမည်ဖြစ်ပါသည်။ ဒေသန္တရအစိုးရများက ဘဏ္ဍာငွေလွှဲပြောင်းထောက်ပံ့သည့်စနစ် မည်သို့ဆောင်ရွက်သည် - ဒေသန္တရအဆင့်သို့ ပြန်လည်ခွဲဝေပေးမည့် ဘဏ္ဍာရင်းမြစ်များကို မည်သို့စုစည်း၍ မည်သို့ခွဲဝေပေးသည် (vertical pool) နှင့် ဒေသန္တရအစိုးရများအလိုက် (လိုအပ်ချက်များ၊ ပေါ်ကြွယ်ဝမှုများကို အခြေခံ၍) မည်သို့ ဘဏ္ဍာငွေခွဲဝေပေးသည်ကို နားလည်သိရှိနိုင်မည်ဖြစ်ပါသည်။
- ဒေသန္တရအစိုးရများက ၎င်းတို့၏ သက်ဆိုင်ရာ မဟာဗျူဟာမြောက်စီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်နိုင်ရန် လာမည့်အနာဂတ်၌ မည်သည့်အချိန်တွင် ရငွေမည်မျှရရှိမည်ကို သိရှိရန် လိုအပ်ပါသည်။ ထို့အတွက် <u>တတိယအချက်</u>အနေဖြင့် ဘဏ္ဍာငွေလွှဲပြောင်းထောက်ပံ့မှုနည်းလမ်းများသည် အပြောင်းအလဲနည်းပါးပြီး **တည်ငြိမ်ရန်၊ ကြိုတင်ခန့် မှန်းထားနိုင်ရန်နှင့် ချိန်မှန် ဆောင်ရွက်ခြင်း**တို့ကို လိုအပ်ပါသည်။
- စတုတ္ထအချက်မှာ မတူညီသည့် အစိုးရအလွှာများအကြား ဒေါင်လိုက်ဘဏ္ဍာရေးမညီမျှမှုများနှင့် ဒေသများတစ်ခုနှင့်တစ်ခုအကြား ကွဲပြားခြားနားသည့်လိုအပ်ချက်များကို ဖြေရှင်းနိုင်စေရန် **သာတူညီမျှဖြစ်စေခြင်း**ဖြစ်ပါသည်။
- နောက်ဆုံးအချက်မှာ ဒေသန္တရအစိုးရများက သင့်လျော်သည့်ဆုံးဖြတ်ချက်များချမှတ်နိုင်စေရန် (လွတ်လပ်မှုရှိရန်) **မက်လုံးပေးထားခြင်း**ဖြစ်ပါသည်။

<u>**ဘဏ္ဍာငွေလွှဲပြောင်းထောက်ပံ့ခြင်းတွင် သတိပြုရန်များ**</u>

- ဒေသန္တရအစိုးရများ၏ ဘဏ္ဍာရေးဆိုင်ရာမှီခိုရခြင်းနှင့် ဘဏ္ဍာရငွေကိုယ်တိုင်ရှာဖွေလိုခြင်းတို့အပေါ် သက်ရောက်မှု
- ဘဏ္ဍာငွေရှာဖွေရရှိသည့်ဒေသသို့ ဘဏ္ဍာငွေပြန်လည်ခွဲဝေပေးခြင်း၏ သာတူညီမျှမှုအပေါ် သက်ရောက်မှု
- ဗဟိုအစိုးရက ၎င်း၏ရည်မှန်းချက်များ ထမြောက်အောင်မြင်စေရန် specific grant များ ခွဲဝေပေးခြင်း (Vs) ဒေသအလိုက် ကွဲပြားခြားနားမှုများ၊ လိုအပ်ချက်များအတွက် (မည်သည့်နေရာတွင်သာ သုံးစွဲရမည်ဟု သတ်မှတ်မထားသော) block grant များ
- ဘဏ္ဍာငွေလွှဲပြောင်းထောက်ပံ့မှုဖော်မြူလာပြဿနာများ (ညွှန်ကိန်းအလွဲများ၊ အလေးပေးတွက်ချက်ရန် လိုအပ်မှုများ၊ ခေတ်နှင့်မလျော်ညီသည့် ကိန်းဂဏန်းအချက်အလက်များ၊ ဖော်မြူလာရှင်းလင်းလွယ်ကူမှုမရှိခြင်း)
- ဗဟိုမှ လွှဲပြောင်းထောက်ပံ့ငွေစုစုပေါင်း (transfer pool) ကို တွက်ချက်ရာတွင် ထင်သလို တစ်ဖက်သတ်ဆောင်ရွက်ခြင်းနှင့် ၎င်းကြောင့် ဒေသန္တရအစိုးရများက ရရှိမည့် ထောက်ပံ့ငွေကိုခန့်မှန်းရန် ခက်ခဲခြင်း
- လွှဲပြောင်းထောက်ပံ့ငွေ ရရှိသည့်/သိရှိသည့်အချိန်မှာ ချိန်သားကိုက်မဖြစ်ခြင်း။